# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းစဥ်အတွက် မွန်ပြည်နယ်၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ

## မွန်ပြည်နယ်အတွင်း ဆောင်ရွက်ချက်များ

၁။ ငါးကဏ္ဍဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) တပိုင်တနိုင်ဟင်းစားအနေဖြင့် (၁၇-၉-၂၀၁၁)ရက်နေ့တွင် မုဒုံမြို့နယ်၊ ဝင်းဖနုံဆည်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ (၂၀၀၀၀၀)၊ ငါးခုံးမကြီးကောင်ရေ (၇၀၀၀၀)၊ ငါးသိုင်းခေါင်းပွကောင်ရေ (၃၀၀၀၀) စုစုပေါင်း (၃၀၀၀၀၀)အား မျိုးစိုက်ထည့်ပေးခဲ့ပါသည်။

(ခ) တပိုင်တနိုင် စီးပွားဖြစ်အတွက် (၈-၉-၂၀၁၁)ရက်နေ့တွင် မော်လမြိုင်ခရိုင်၊ ထားဝယ်ကျွန်းကျေးရွာတွင် ငါးဖမ်းလုပ်ငန်း အစုအဖွဲ့ဖွဲ့စည်းနိုင်ရေးနှင့် ကျိုက်ဖနဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အသင်းဝင်အဆိုပြုလွှာများနှင့် လက်ကမ်းစာစောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ (၁၁/၁၃-၉-၂၀၁၁) ရက်နေ့တွင် မော်လမြိုင်ခရိုင်၊ ထားဝယ်ကျွန်းကျေးရွာ၌ လုပ်ငန်းလုပ်ကိုင်ရန်အတွက် (၄၈)သိန်း ချေးယူလိုကြောင်း တင်ပြချက်အား ဆက်လက်တင်ပြပေးရန် စည်းရုံးခဲ့ပါသည်။ (နောက်ဆက်တွဲ -က)

(ဂ) (၁-၉-၂၀၁၁)ရက်နေ့တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးတို့သည် မော်လမြိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာရှိ ပေါင်းစည်းလယ်ယာတွင် မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။ (၆-၉-၂၀၁၁)နေ့တွင် ကျိုက်မရောမြို့နယ်၊ ကော့သပ်ကျေးရွာရှိ ပေါင်းစည်းလယ်ယာတွင် မွေးမြူထားရှိမှုအခြေအနေများကိုကြည့်ရှုပြီး လုပ်ငန်းကိစ္စများဆွေးနွေးခဲ့ပါသည်။ (၇-၉-၂၀၁၁) နေ့တွင် ပေါင်မြို့နယ်၊ ဖလပ်ကျေးရွာရှိ ပေါင်းစည်းလယ်ယာ မွေးမြူထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းကိစ္စများ ဆွေးနွေးခဲ့ပါသည်။ (၁၇-၉-၂၀၁၁)ရက်နေ့တွင် မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာရှိ ပေါင်းစည်းလယ်ယာနှင့် ငါးကန်အတွင်းသို့ ငါးခုံးမကြီး ကောင်ရေ(၅၀၀၀)မျိုးစိုက်ထည့်ပေးခဲ့ပါသည်။ (နောက်ဆက်တွဲ -ခ)

(ဃ) (၁၂-၉-၂၀၁၁)နေ့တွင်ချောင်းဆုံမြို့နယ် ဆယ်ပလာ ကျေးရွာသို့ သွားရောက်၍ ငါးခြောက် ဝယ်/စုလုပ်ငန်း အစုအဖွဲ့ဖွဲ့စည်းရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်များအား ပညာပေး ဆွေးနွေးခဲ့ပါသည်။ (၁၁-၉-၂၀၁၁)ရက်နေ့တွင် မော်လမြိုင်မြို့နယ်၊ ကျောက်တန်းစံပြကျေးရွာသို့ ရောက်ရှိပြီး ငါးစီပေါင်းအစုအဖွဲ့ ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ငါးထုတ်လုပ်မှုနှင့် ငါးစီပေါင်းထုတ်လုပ်မှုအား တပေါင်းတည်းဖွဲ့စည်းပေးရန် တင်ပြချက်အပေါ် ဦးတင်မောင်ဌေး ဦးဆောင်သည့် အဖွဲ့ဝင်(၅)ဦးဖြင့် ငါးစီပေါင်းနှင့်ငါးထုတ်လုပ်မှု လုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ချေးငွေ(၁၅၆)သိန်းရရှိရေးအတွက် ပြည်နယ်အစိုးရ အဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

(င) သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီငါးကွမ်းရှပ် (အစို/အခြောက်) လုပ်ငန်း လုပ်ကိုင်သူ (၁၀၀)ဦးမှ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ချေးငွေရရှိရေး အား ပြည်နယ်အစိုးအရအဖွဲ့သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ပါသည်။

(စ) ပေါင်းစည်းလယ်ယာ(၂)ခုမှ ချေးယူလိုသည့် ငွေ (၄၂၀)သိန်း၊ တပိုင်တနိုင် စီးပွားဖြစ် (၁၂)ခုမှ ချေးယူလိုသည့် ငွေ(၅၃၈)သိန်း၊ တစ်ရွာထုတ်ကုန်တစ်မျိုး (၂)ခုမှ ချေးယူလိုသည့် ငွေ(၂၃၆)သိန်း၊ စုစုပေါင်း (၁၁၉၄)သိန်း ချေးငွေရရှိရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်သို့ တင်ပြထားပါသည်။

၂။ အသားကဏ္ဍ ဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည် -

(က) (၂-၉-၂၀၁၁)ရက်နေ့တွင် ရေးမြို့နယ်၊ ခမင်းဆိပ်ကျေးရွာ ဦးသောင်းမြင့်ဦး၏ ပေါင်းစည်းလယ်ယာအား ကွင်းဆင်း ကြည့်ရှုပါသည်။

(ခ) (၁၀-၉-၂၀၁၁)ရက်နေ့တွင် သထုံခရိုင်အတွင်း အသားစားကြက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ မော်လမြိုင်မြို့နယ်၊ ကျုံစီကျေးရွာ၌ ဘဲမွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးခြင်း၊ ကျိုက်မရောမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ၌ မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန် ကွင်းဆင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

(ဂ) (၁၁-၉-၂၀၁၁)ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ ဒူးရင်းကျေးရွာ၌ ဝက်မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ သထုံခရိုင်၊ ကွမ်အံကျေးရွာ၌ ဝက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ ကျိုက်မရောမြို့နယ်အတွင်း မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန် ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

(ဃ) (၁၂-၉-၂၀၁၁)ရက်နေ့တွင် ကျိုက်ထိုမြို့နယ်၊ အင်္ဂပူကျေးရွာ၌ ပညာပေးဟောပြောခြင်း၊ သထုံမြို့နယ် အောင်စိန်ကျေးရွာတွင်စည်းရုံးဆောင်ရွက်ခြင်း၊ မုဒုံမြို့နယ်၊ မြို့မရပ်ကွက်တွင် ဝက်မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သံဖြူဇရပ်မြို့နယ်၊ ရသေ့တောင်ကျေးရွာတွင် အသားစားကြက်မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(င) (၁၃-၉-၂၀၁၁)ရက်နေ့တွင် သထုံမြို့နယ်၊ ကော့ထင်ကျေးရွာ၌ မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးခြင်း၊ ချောင်းဆုံမြို့နယ်၊ မူတူးကျေးရွာ၌ ဒေသကြက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ မော်လမြိုင်မြို့နယ်၊ ကျောက်တန်းကျေးရွာရှိ ပေါင်းစည်းလယ်ယာတွင် ကျွဲ၊ နွား ကာကွယ်ဆေးထိုးခြင်း၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၌ ကြက်၊ ဝက်မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းရန် ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(စ) (၁၄-၉-၂၀၁၁)ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၌ ကြက်၊ ဝက်မွေးမြူရေး တိုးချဲ့မွေးမြူရန်စည်းရုံးခြင်း၊ ပေါင်မြို့နယ်၊ သံဖြူကုန်းကျေးရွာ၌ အသားစားကြက် အစုအဖွဲ့ဖွဲ့စည်းရန်စည်းရုံးခြင်း၊ ချောင်းဆုံမြို့နယ်တွင် နို့စားနွားတိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ သထုံမြို့နယ်၊ ဂေါ့ကျေးရွာနှင့် မုဒုံမြို့နယ်၊ ဗဟိုစိုက်ပျိုးရေးခြံ၌ ပေါင်းစည်းလယ်ယာအတွက် ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဆ) (၁၅-၉-၂၀၁၁)ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ ကွမ်ချောင်းကျေးရွာ၌ ဒေသကြက်တိုးချဲ့ မွေးမြူရန် စည်းရုံးခြင်း၊ ကျိုက်မရောမြို့နယ်၊ နိတုံကျေးရွာ၌ တပိုင်တနိုင်ဟင်းစားမွေးမြူရန် စည်းရုံးခြင်း၊ မုဒုံမြို့နယ်၊ ဝက်ဝံကျေးရွာ၌ အသားစားကြက်မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဇ) (၁၆-၉-၂၀၁၁)ရက်နေ့တွင် ချောင်းဆုံမြို့နယ်အတွင်း ဝက် တိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာ၌ ပေါင်းစည်းလယ်ယာဖော်ဆောင်ရန် ပညာပေးစည်းရုံးခြင်း၊ ရေးမြို့နယ်၊ လမိုင်းကျေးရွာ၌ အသားစားကြက် မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဈ) (၁၇-၉-၂၀၁၁)ရက်နေ့တွင် ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာတွင် တပိုင်တနိုင် ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေးသို့ လည်းကောင်း၊ သထုံခရိုင်၊ ဘဲရမ်းကျေးရွာတွင် တိုင်းရင်းကြက် တိုးချဲ့မွေးမြူရန်အတွက် လည်းကောင်း၊ ကျိုက်မရောမြို့နယ်၊ ကွေ့ဝမ်း ကျေးရွာတွင် ဥစားကြက်တိုးချဲ့မွေးမြူရန်အတွက်လည်းကောင်း စည်းရုံးခဲ့ပါသည်။

(ည) (၁၈-၉-၂၀၁၁)ရက်နေ့တွင် သထုံခရိုင်၊ ဆယ်ပလာကျေးရွာ၌ ဝက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ မော်လမြိုင်မြို့နယ် လက်ပံကျေးရွာ၌တပိုင်တနိုင်ဟင်းစားမွေးမြူရန် စည်းရုံးခြင်း၊ ကျိုက်မရောမြို့နယ်၊ ညောင်ကုန်းကျေးရွာ၌ ဥစားကြက် တိုးချဲ့မွေးမြူရန် စည်းရုံးခြင်းများဆောင်ရွက်ခဲ့ပါသည်။

(ဋ) (၁၉-၉-၂၀၁၁)ရက်နေ့တွင် သထုံမြို့နယ်၊ မုတ္တမကျေးရွာ၌ ဆိတ်မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးခြင်း၊ သထုံခရိုင် တကူပသီကျေးရွာ၌ ပေါင်းစည်းလယ်ယာတွင် မွေးမြူရေးကောင်ရေများစစ်ဆေးခြင်း၊ မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာ၌ တပိုင်တနိုင်မှ စီးပွားဖြစ်မွေးမြူရေးဆောင်ရွက်ရန်၊ သံဖြူဇရပ်မြို့နယ် ခေါဇာကျေးရွာသို့ ဝက်မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံး ခြင်းများဆောင်ရွက်ခဲ့ပါသည်။

(ဌ) (၂၀-၉-၂၀၁၁)ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ ဒေါင်းရပ်အရှေ့ကျေးရွာ၌ တိုင်းရင်းကြက် မွေးမြူရန်စည်းရုံးခြင်း၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ၌ မွေးမြူရန် အစုအဖွဲ့ဖွဲ့စည်းရန် စည်းရုံးဆောင်ရွက်ခြင်း၊ ရေးမြို့နယ် မုကနင်ကျေးရွာ၌ ဒေသကြက်တိုးချဲ့မွေးမြူရန် ဆည်းရုံးခြင်းများဆောင်ရွက်ခဲ့ပါသည်။

(ဍ) (၂၁-၉-၂၀၁၁)ရက်နေ့တွင် ဘီလင်းမြို့နယ်၊ ဇင်းမသွယ်အောက် ကျေးရွာ၌ ဝက်တိုးချဲ့ မွေးမြူရန်စည်းရုံးခြင်း၊ ချောင်းဆုံမြို့နယ် ကုလားတို့ကျေးရွာ၌ တိုင်းရင်းကြက် တိုးချဲ့မွေးမြူရန် စည်းရုံးခြင်း၊ မုဒုံမြို့နယ် ကျုံပိုက်ကျေးရွာ၌ တပိုင်တနိုင် ဟင်းစားမှ စီးပွားဖြစ် မွေးမြူရေးသို့ စည်းရုံးခြင်း၊ စခန်းကြီးကျေးရွာ၌ ဝက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ပ) (၂၂-၉-၂၀၁၁)ရက်နေ့တွင် သထုံမြို့နယ်၊ ဇင်းမသွယ်ကျေးရွာ၌ ဝက်တိုးချဲ့ မွေးမြူရန် စည်းရုံးခြင်း၊ ပေါင်မြို့နယ် ကျွန်ုံကျေးရွာ၌ ဥစားဘဲအစုအဖွဲ့ ဖွဲ့စည်းခြင်း၊ ချောင်းဆုံမြို့နယ် ၊ ကလွီကျေးရွာ၌ တိုင်းရင်းကြက်မွေးမြူရန် စည်းရုံးခြင်း၊

မော်လမြိုင်မြို့နယ်၊ နောင်ခရီကျေးရွာရှိ ပေါင်းစည်းလယ်ယာတွင် ကွဲ ၊ နွား ကာကွယ်ဆေးထိုးခြင်း၊ ကျိုက်မရောမြို့နယ်၊ ကွမ်ငန်ကျေးရွာ၌ အိမ်တိုင်း တပိုင် တနိုင် ဟင်းစားမွေးမြူရန် စည်းရုံးခြင်း၊ မုဒုံမြို့နယ် ကျုံပိုက်ကျေးရွာ၌ တပိုင်တနိုင် ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေးသို့ စည်းရုံးခြင်း၊ သံဖြူဇရပ်မြို့နယ်၊ ကြာနီကန် ကျေးရွာ၌ ဝက်မွေးမြူရေးအစုအဖွဲ့ဖွဲ့စည်းရန် စည်းရုံးခြင်း၊ ရေးမြို့နယ် ၊ နှစ်ကရင် ကျေးရွာ၌ ဒေသကြက်မွေးမြူရန်စည်းရုံး ခြင်းများဆောင်ရွက်ခဲ့ပါသည်။

(ဏ) (၂၃-၉-၂၀၁၁)ရက်နေ့တွင် ဘီလင်းမြို့နယ်၊ လိပ်ခုံးကျေးရွာ၌ တပိုင်တနိုင် ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေးသို့ စည်းရုံးခြင်း၊ ပေါင်မြို့နယ်၊ ဥက္ကံတားကျေးရွာ၌ တိုင်းရင်းကြက် မွေးမြူရေး အစုအဖွဲ့ဖွဲ့စည်းရန်စည်းရုံးခြင်း၊ ချောင်းဆုံမြို့နယ်၊ မြို့မရပ်ကွက်တွင် ဝက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(တ) (၂၂-၉-၂၀၁၁)ရက်နေ့တွင် မော်လမြိုင်မြို့နယ်၊ နောင်ခရီကျေးရွာတွင် ဝက်မွေးမြူ ရေးအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးဆောင်ရွက်ခဲ့ပါသည်။

(ထ) (၂၃-၉-၂၀၁၁)ရက်နေ့တွင် ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၌ ဒေသကြက် တိုးချဲ့ မွေးမြူရန် စည်းရုံးခဲ့ပါသည်။

(ဒ) (၂၄-၉-၂၀၁၁)ရက်နေ့တွင် ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိနှင့် ကျွန်းတောကျေးရွာ၊ ဘီးလင်းမြို့နယ်၊ ပေါက်တောကျေးရွာ၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ ကော့မူပွန်ကျေးရွာနှင့် မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာများ တွင် မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းရန်နှင့် တစ်ရွာလုံးစီးပွားဖြစ် မွေးမြူရန် စည်းရုံးခဲ့ပါသည်။

(ဓ) (၂၅-၉-၂၀၁၁)ရက်နေ့တွင် ကျိုက်ထိုမြို့နယ်၊ကျွန်းတောကျေးရွာ၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ ဖံပကျေးရွာများတွင် မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးခြင်းနှင့် ဒေသကြက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(န) (၂၆-၉-၂၀၁၁)ရက်နေ့တွင် ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာနှင့် ချောင်းဆုံမြို့နယ်၊ မြို့မ ရပ်ကွက်များတွင် မွေးမြူရေး အစုအဖွဲ့ တိုးချဲ့မွေးမြူရန် စည်းရုံးဆောင်ရွက်ခဲ့ပါ သည်။

(ပ) (၂၇-၉-၂၀၁၁)ရက်နေ့တွင် ပေါင်မြို့နယ်၊ ဥက္ကံတားကျေးရွာနှင့် ချောင်းဆုံမြို့နယ်၊ ကရင်ဝင်းစိန်ကျေးရွာတို့တွင် ဝက်မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန်နှင့် အသားစားကြက်စီးပွားဖြစ် မွေးမြူရန်စည်းရုံးဆောင်ရွက်ခဲ့ပါသည်။

(ဖ) (၂၉-၉-၂၀၁၁)ရက်နေ့တွင် သထုံမြို့နယ်၊ ဇရစ်ချောင်းကျေးရွာ၌ မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးခြင်း၊ မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ၌ တစ်ရွာလုံးစီးပွားဖြစ်မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဗ) (၃၀-၉-၂၀၁၁)ရက်နေ့တွင် သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာ၌ မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန် စည်းရုံးခဲ့ပါသည်။